# သခင်ယေရှုကြွလာခြင်းကို ကြွေးကြော်ခြင်း

YR C
NO. 38

အလွတ်ကျမ်းချက်။ ။ ဗျာဒိတ်ကျမ်း ၁၄း၆

"မြေကြီးပေါ်မှာနေသော သူတည်းဟူသော အသီးသီးဘာသာစကားကို ပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသောကောင်းကင်တမန်တပါးက၊ … ကောင်းကင်အလယ်၌ပျံ၍ လျက်ရှိသည်ကို ငါမြင်၏။"





## တနင်္ဂနွေနေ့ ၊ နောက်ဆုံးသောအချိန်ကာလ ၁

ကောင်းကင်တမန်တော်သည် ဒံယေလအား ဒံယေလအနာဂတ္တိကျမ်းစာအုပ်ကို ပိတ်ဖို့ရန်နှင့် တံဆိပ်ခတ်ရန် ပြောဆိုခဲ့သည်။ ၎င်းကို တံဆိပ်ဖွင့်လိုက်ခဲ့သောအချိန်မှာ အဘယ်အချိန်နည်း။ ဒံယေလအနာဂတ္တိကျမ်း ၁၂း၄၊ ၉။ နောက်ဆုံးအချိန်ကာလတွင်ဖြစ်သည်။ သို့သော် ထိုအရာသည် အဘယ်အချိန်၌ ဖြစ်ပျက်မည်နည်း။ သို့မဟုတ် ထိုအရာသည် အဘယ်အချိန်က ဖြစ်ပျက်ခဲ့သည်ကို ကျွန်ုပ်တို့ မေးသင့်ပါသလား။

ဒံယေလအနာဂတ္တိကျမ်း ၈း၁၇ ကို ဖတ်ပါ။ ဤကျမ်းချက်၌ တွေ့ရသော "ရူပါရုံ" သည် ရက်ပေါင်း ၂၃၀၀ ပရောဖက်ပြုချက်နှင့် သန့်ရှင်းရာဌာနတော်ကို သန့်ရှင်းသည့်အချိန်ကာလအကြောင်း ဖြစ်သည်။ ဤရူပါရုံကို "တံဆိပ်ခတ်ထား" ခဲ့သည်။ သို့သော် ထိုအရာသည် လူများတို့အား ၎င်းအကြောင်းကိုနားလည်ရန်ကြိုးစားခြင်းမှ မရပ်တန့်ခဲ့ပေ။ ခေတ်ကာလနှစ်ပေါင်းများတစ်လျှောက် လူများတို့သည် ဒံယေလ၏ပရောဖက်ပြုချက်များကို လေ့လာခဲ့သည်။ စဉ်ဆက်မပြတ်နာမည်ကြီးသောသိပ္ပံပညာရှင်များထဲမှ တစ်ဦးဖြစ်သည့် ဆာအိုင်းဇက်နယူတန် (Sir Isaac Newton) သည် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့၏ပရောဖက်ပြုချက်များအကြောင်းနှင့် ပတ်သက်၍ စာအုပ်တစ်အုပ်ရေးသားခဲ့သည်။

၎င်းအကြောင်းကို ရေးသားသူမှာ သူတစ်ယောက်တည်း မဟုတ်ပါ။ သို့သော် လူများတို့သည် ပရောဖက်ပြုချက်များကို နားလည်ဖို့ရန် ကြိုးစားကြသောအခါ သူတို့သည် ပရောဖက်ပြုချက်၏ဆိုလိုရင်းအဓိပ္ပာယ်သည် အဘယ်အရာဖြစ်ကြောင်းနှင့် ၎င်းသည် အဘယ်အချိန်တွင် ပြည့်စုံမည်ဖြစ်ကြောင်းကို စတင်ခန့်မှန်းပြီးသည့်အခါ ယခင်ကထက် ပို၍ဝေးကွာသွားနိုင်သည့် အဖြေကိုသာ ရရှိခဲ့ကြသည်။ သမ္မာကျမ်းစာက ပြောထားခဲ့ပြီးသားဖြစ်သည်၊ အမှုကုန်သည့်ကာလတိုင်အောင် ပရောဖက်ပြုချက်များသည် တံဆိပ်ခတ်ခံထားရသည်။ အချိန်ကာလကြာမြင့်သည်နှင့်အမျှ၊ ဒံယေလအနာဂတ္တိကျမ်း ၁၂း၄ အရ၊ ထိုဒံယေလကျမ်းကို ကြည့်ရှုလေ့လာသူများသည် ပညာတိုးပွားလိမ့်မည်ဖြစ်မည်။ ထို့နောက် အငယ် ၁၀ တွင် "ပညာရှိသောသူသည် နားလည်လာကြလိမ့်မည်" ဟု ပြောထားခဲ့သည်။

ထို့ကြောင့် အမှုကုန်ဆုံးသောကာလဖြစ်သည့် ပရောဖက်ပြုချက်များပြည့်စုံသောအခါတွင်၊ ၎င်းတို့ကို တံဆိပ်ဖွင့်ထားမည်ဖြစ်သည်။ သို့သော် ထိုအရာသည် အဘယ်သို့ဖြစ်ပျက်ပြီး၊ အဘယ်သူသည် ၎င်းကို လုပ်ဆောင်မည်နည်း။

ကြီးမားသော လစ္စဘွန်းမြေငလျင်ပြီးသောနောက်၊ ထို့အပြင် အမှောင်ထုနေ့ဖြစ်ပြီးနောက်တွင်ပင်၊ များစွာသောလူတို့သည် အချိန်ကာလ၏အဆုံးခန်းသည် နီးပြီးဟု ခံစားခဲ့ကြ၍၊ သမ္မာကျမ်းစာပရောဖက်ပြုချက်များကို လေ့လာဖို့ရန် စိတ်ဝင်စားလာခဲ့ကြလေသည်။ သူတို့သည် ဒံယေလအနာဂတ္တိကျမ်း၏ ရက်အပေါင်း ၂၃၀၀ ပရောဖက်ပြုချက်ကို အထူးသဖြင့် စိတ်ဝင်စားလာခဲ့ကြသည်။ ထိုပရောဖက်ပြုချက်ကို အနက်ဖွင့်ရာ၌အသုံးပြုခဲ့သည့် အရေးကြီးဆုံးသောသော့ချက်မှာ ပရောဖက်ပြုချက်ဆိုင်ရာ နေ့ရက်တစ်ရက်သည် တိုက်ရိုက် တစ်နှစ်ကို ကိုယ်စားပြုကြောင်း သမ္မာကျမ်းစာမှ နားလည်ခြင်းဖြစ်သည်။ ထိုဖော်ချက်ကို လေ့လာခဲ့သော လူတိုင်းနီးပါးသည် ဤအရာကို သဘောတူလက်ခံခဲ့ကြသည်။ တောလည်ရာကျမ်း ၁၄း၃၄၊ ယေဇကျေလအနာ ဂတ္တိကျမ်း ၄း၆။

သို့သော် ပရောဖက်ပြုချက်သည် အဘယ်အချိန်ထိရှည်လျားပြီး အဆုံးသတ်မည်ကို သိခြင်းသည် အလွန်အထောက်အကူ မဖြစ်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းပရောဖက်ပြုချက်က အဘယ်အချိန်တွင် အစပြုခဲ့သည်ကို အဘယ်သူမျှ အသေအချာမသိခဲ့ကြချေ။ သူတို့သည် ၎င်း၏အစပြုခြင်းကို မသိခဲ့လျှင် အဘယ်အချိန်တွင် ပြီးဆုံးမည်ကို အ ဘယ်သူက ရေတွက်သိနိုင်မည်နည်း။

**လက်တွေ့ကျင့်သုံးရန်။** ရှင်လုကာခရစ်ဝင် ၁၀:၂၁ ကိုဖတ်ပါ။ သမ္မာကျမ်းစာသည် သင့်အတွက် နားလည်ရန် အလွန်ခက်လွန်းသည်ဟု ဘယ်တော့မှ မခံစားပါနဲ့။ ရက်ပေါင်း ၂၃၀၀ ပရောဖက်ပြုချက်ကဲ့သို့ ကြီးမားသောမေးခွန်းများကိုပင် ဘုရားသခင်ကိုချစ်သော ရိုးရိုးသာမန်လူများအားဖြင့် ပထမဆုံးတွက်ချက်အဖြေရှာဖော်ထုတ်ခဲ့သည်။ ဤတစ်ပတ်တွင်၊ ၎င်းသည် အဘယ်သို့ဖြစ်ပျက်ခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ရလိမ့်မည်။

## တနင်္လာနေ့ ၊ မက်နယူဒီလတ်ချူဇ (Manual de Lacunza) ၂

အမှုကုန်ဆုံးခန်းကာလ (နောက်ဆုံးခန်း-နောက်ဆုံးအချိန်ကာလ) အကြောင်းကို စိတ်ဝင်စားမှု ကြီးထွားလာသည်နှင့်အမျှ၊ ပို၍ပို၍များစွာသောလူတို့သည် လေ့လာရှာဖွေခဲ့ကြသည်။ သူတို့သည် ၎င်းအကြောင်း အချင်းချင်းပြောခဲ့ကြသလို၊ အခြားသူများစွာလည်းပဲ စိတ်ဝင်စားခဲ့ကြလေ၏။ ၁၈၀၀ ပြည့်နှစ်ကျော်လွန်ချိန်တွင် အမျိုးမျိုးနာမည်ကျော်ကြားသောတရားဟောဆရာတို့သည် သခင်ယေရှု၏ပြန်ကြွလာခြင်းအကြောင်းကို အာရုံစိုက်လာခဲ့ကြလေသည်။ ထိုသူများအထဲမှ ချီလီ (Chile) ပြည်မှ

သို့သော် ၎င်းအယူဝါဒကို ငြင်းပယ်ခြင်းက သူသည် အလိုအလျောက်ခရစ်ယာန်တစ်ယောက်ဖြစ်သည်ဟု မဆိုလိုခဲ့ပေ။ ထို အန္တိခရစ်ယာန်စာအုပ်များအားလုံးကို သူဖတ်ခြင်းသည် သူ၏စိတ်ထဲ၌ ကြီးမားသောသံသယများကို များစွာဖြစ်ပေါ်စေခဲ့သည်။ ထိုအကြောင်းကြောင့် သူ့အတွက် ဘာသာရေးတစ်ခုကိုပင် စိတ်မဝင်စား၊ မနှစ်သက်၊ အဓိပ္ပာယ်မရှိဖြစ်၍၊ လက်မခံနိုင်တော့ပေ။

သမ္မာကျမ်းစာသည် အဓိပ္ပာယ်ရှိသလော။ သူသည် သိရမည်ဖြစ်သည်၊ ထို့ကြောင့် အဖြေရရန် သူကိုယ်တိုင် ရှာဖွေရသည်။ "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။" သမ္မာကျမ်းစာသည် ထိုနေရာမှ အစပြုသည်၊ ဝီလီယမ် မီလာသည်လည်း ထိုနေရာမှ စတင်လေ့လာလေ၏။

ထိုပထမဆုံးကျမ်းချက်သည် အဓိပ္ပာယ်ရှိပါ၏လား။ ၎င်းကို သူ အမှန်တကယ်ယုံကြည်နိုင်ပါမည်လား။ သူသည် အမြင့်ဆုံးသောဖြစ်တည်မှုကို အမြဲတမ်းယုံကြည်ခဲ့သောကြောင့် ထိုကျမ်းပိုဒ်သည် မီလာအတွက် ပြဿနာမရှိပါ။ ထို့ကြောင့် သူသည် ကမ္ဘာဦးကျမ်း ၁း၂ ကို ဆက်ဖတ်ခဲ့သည်။ ကျမ်းချက်တစ်ချက်ပြီးတစ်ချက်လေ့လာပြီး၊ ကျမ်းချက်တို့ကို လက်ခံဖို့ ၎င်းတို့၏အဓိပ္ပယ်ရရှိသည့်တိုင်အောင် အပိုဒ်ငယ်တစ်ချက်စီတိုင်းကို လေ့လာခဲ့သည်။ ကမ္ဘာဦးကျမ်းတစ် လျှောက်လုံးကို သူ၏လေ့လာနည်းအတိုင်း ဖတ်ရှုလေ့လာပြီး၊ ထွက်မြောက်ရာကျမ်း၊ ထို့နောက် ဗျာဒိတ်ကျမ်းအထိ တောက်လျှောက် လေ့လာဖတ်ရှုခဲ့လေ၏။ ကျမ်းချက်တစ်ခုက အဓိပ္ပာယ်လိုရင်းတစ်ခုကို မပေးသောအခါ သူသည် ရှင်းပြချက်များအတွက်ရှာဖွေဖို့ရန် အခြားကျမ်းပိုဒ်များကို လေ့လာခဲ့သည်။

ထို့အပြင်၊ သူသည် ဆုတောင်းခဲ့သည်။ သူသည် အမြင့်ဆုံးသောဖြစ်တည်မှုကို ယုံကြည်ခဲ့သောကြောင့်၊ တစ်စုံတစ်ယောက် (ဘုရားသခင်) က မိမိကိုယ်ကို ကရုဏာရှိသောသူအဖြစ်ပြသပြီး၊ မြေကြီးပေါ်ရှိလူသားများ၏အသက်တာများတွင် ဖော်ပြပါဝင်ပတ်သက်မှုသာ သူ (ဘုရားသခင်) ၏အကူအညီအတွက် တောင်းခံဖို့ရန် အဓိပ္ပာယ်ရှိခြင်းဖြစ်စေသည်။

**လက်တွေ့ကျင့်သုံးရန်။** ယနေ့ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို နားလည်ဖို့ရန် ဘာလိုအပ်သနည်း။ ရှင်လုကာခရစ်ဝင် ၂၄း၄၄၊ ၄၅၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၆၊ ၂၆၊ ကောရိန္သုဩဝါဒစာ ပဌမစောင် ၂း၁၂၊ ၁၃။



## သောကြာနေ့ ၊ ပရောဖက်ပြုချက်ကို ရှာဖွေတွေ့ရှိခြင်း ၆

ဝီလီယံမီလာသည် သမ္မာကျမ်းစာကိုလေ့လာနေသည်နှင့်အမျှ၊ သူသည် သီးသောအယူဝါဒ (deist) တစ်ဦးဖြစ်ခဲ့စဉ်က သမ္မာကျမ်းစာကို ဆန့်ကျင်ခဲ့သော သူသုံးခဲ့သည့်အငြင်းပွားမှုများကို အမြဲသတိရနေခဲ့သည်။ မှန်ပါသည်။ ထို့အပြင် သူ၏သီးသောအယူဝါဒ မိတ်ဆွေများသည် သူ့ကို အခွင့်အရေးရတိုင်း အခွင့်ကောင်းယူခဲ့ပြီး သူသည် ယခင်ခေတ်က သူမကြာခဏပြောခဲ့သည့်ကျမ်းစာ၏ "ရှေ့နောက်မညီမှုများနှင့် ဆန့်ကျင်မှုများ" ကို သတိပေးရန် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

သူသည် ၂ နှစ်လုံးလုံးလေ့လာခဲ့သည်၊ အမြဲတမ်းအချက်တစ်ခုအပေါ်ကို အာရုံစိုက်လေ့လာခဲ့သည်။ သူသည် သမ္မာကျမ်းစာကို နားလည်နိုင်ခဲ့ပါသလား။ သူ၏စိတ်သက်သာမှုရရန် (နှင့်သူ၏အံ့အားသင့်ရန် ဖြစ်ကောင်းဖြစ်နိုင်ပါသည်) သူသည် သမ္မာကျမ်းစာမှ ကျမ်းချက် အများစုကို ဖတ်ရုံဖြင့် နားလည်နိုင်ကြောင်းကို တွေ့ရှိခဲ့သည်။ တစ်ခါတစ်ရံ၊ ကျမ်းပိုဒ်တစ်ပိုဒ်သည် သူ့ဘာသာသူ ရှုပ်ထွေးသွားသည့်အခြားကျမ်းပိုဒ်ကို ရှင်းပြလိမ့်မည်ဖြစ်သည်။ အထူးသဖြင့် ပုံဆောင်ခြင်း သင်္ကေတများကို အသုံးပြုသော ပရောဖက်ပြုချက်များတွင် ယင်းသည် မှန်ကန်ခဲ့သည်။ ဟုတ် ပါသည်၊ ဤပုံဆောင်ခြင်းသင်္ကေတများသည် အနက်ဖွင့်ဖို့ရန် လိုအပ်ပါသည်။ ထို့ကြောင့် မီလာသည် ထိုပုံဆောင်သောသင်္ကေတများဆိုလိုသောအရာများကို သမ္မာကျမ်းစာက သူ့ဘာသာသူ ပြောဆိုရှင်းပြထားသည်ကို တွေ့ရှိခဲ့လေသည်။



သို့သော် သူသည် အခြားအရာတစ်ခုကို သတိပြုမိခဲ့သည်။ ပရောဖက်ပြုချက်များကို ပုံဆောင်ဘာသာစကားဖြင့် ပေးခဲ့သော်လည်း ၎င်းတို့သည် အမှန်ပင်လက်တွေ့ပြည့်စုံခဲ့သည်။ ဥပမာအနေဖြင့်၊ ပရောဖက်ပြုချက်သည် မေရှိယသခင်က ဗက်လင်မြို့၌ မွေးဖွားလာလိမ့်မည်ဟု ပြောခဲ့သောအခါ၊ ထိုနေရာတွင် သခင်ယေရှု မွေးဖွားခဲ့သည်။ ပရောဖက်ပြုချက်က ဂရိနိုင်ငံကို ရောမနိုင်ငံဖြင့် အစားထိုးလိမ့်မည်ဟု ဟောပြောသောအခါ၊ ထိုသို့ အတိအကျမှန်ကန်စွာ ဖြစ်ပျက်ခဲ့သည်။

မီလာအတွက်၊ ထိုသို့ဆိုလိုခြင်းမှာ မပြည့်စုံသေးသောပရောဖက်ပြုချက်သည် မရောက်သေးသောအနာဂတ်တွင်ဖြစ်မည့် ဖြစ်ရပ်မှန်များကို ဖော်ပြထားခြင်းဖြစ်သည်။ စိန်ခေါ်မှုမှာ လက္ခဏာ သင်္ကေတများကို နားလည်ဖို့ရန်ဖြစ်ပြီး၊ ထို့နောက် ပရောဖက်ပြုချက်နှင့် အံဝင်ခွင်ကျဖြစ်စေရန် ထူးဆန်းသောရှင်းပြချက်တစ်ခုပြုလုပ်ရန် မဟုတ်ဘဲ၊ ၎င်းကို သင်လိုချင်သည့်အတိုင်း အံဝင်ခွင်ကျဖြစ်စေရန် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ရှာဖွေရန်ဖြစ်သည်။

မကြာခင်အတွင်း မီလာသည် ရက်ပေါင်း ၂၃၀၀ အကြောင်း ဒံယေလ၏ပရောဖက်ပြုချက်အကြောင်းကို လတ်ချူဇ၊ အိုင်ရ်ဗင်း နှင့် ဝေါ့လ်ဖ် တို့နည်းတူ၊ လူများထံမှ အာရုံစူးစိုက်မှုကိုဆွဲဆောင်ခဲ့သည့်အလားတူ ပရောဖက်ပြုချက်အကြောင်းအရာကို စတင်စဉ်းစားလာခဲ့သည်။ သို့သော် မီလာသည် အခြားသူများ မမြင်တွေ့သောအရာ တစ်စုံတစ်ရာကို မြင်တွေ့ခဲ့သည်။ ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး ၈ သည် ထိုအခန်းကြီးတစ်ခန်းကိုပဲ လေ့လာ၍ရသောအရာ မဟုတ်ခဲ့ပါ။ ရက်ပေါင်း ၂၃၀၀ ရူပါရုံကို ရှင်းပြရန် ဂါဗြေလကို ပြောခဲ့သည်၊ သို့သော် အခန်းကြီး၏နောက်ဆုံးပိုင်းတွင်၊ ဒံယေလသည် ၎င်းကို သူနားမလည်ကြောင်း ပြောဆိုထားသည်။

အခန်းကြီး ၉ တွင်၊ ဂါဗြေလသည် သူ့အလုပ်ကို ပြီးစီးရန် ပြန်လာခဲ့သည်။ ၎င်းသည် ထို (နောက်တစ်ပတ်တွင် ထိုအကြောင်းကို အသေးစိတ် ကျွန်ုပ်တို့ လေ့လာကြမည်ဖြစ်သည်) အခန်းကြီးနှစ်ခုက အဆက်အစပ်ဖြစ်ကြောင်း ပြသထားသည်။ သီတင်းအပတ် ၇၀ ပရောဖက်ပြုချက်၏အစကိုပေးထားသောကြောင့်၊ ရက်ပေါင်း ၂၃၀၀ ၏ အစမှတ်ကို အခြားသူများကသာ မှန်းဆရန် ကြိုးစားခဲ့သည်ကို မီလာက သိရှိခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဒံယေလအနာဂတ္တိကျမ်း ၈း၁၆၊ ၁၇၊ ၂၆၊ ၂၇၊ ၉း၂၀-၂၃ ကို ဖတ်ပါ။ ဘုရားသခင်သည် ဒံယေလအား ရက်ပေါင်း ၂၃၀၀ ရူပါရုံအကြောင်း ရှင်းပြဖို့ရန် အဘယ်မျှလောက် လုပ်ဆောင်ခဲ့သည်ဟု သင်ထင်သနည်း။ သူလိုအပ်သောအရာကိုလုပ်ဆောင်ရန် သူ၏ကတိတော်ကို သူဆက်လက်ထိန်းသိမ်းဖို့ ဉာဏ်ပညာကို သင့်အားပေးမည်ကို သင်ကိုးစားယုံကြည်ပါသလား။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ဂျေစူးဘုန်းတော်ကြီးတစ်ယောက်ဖြစ်သော မက်နယူဒီလတ်ချူဇ အမည်ရှိသောသူသည် ဘုန်းတော်အာနုတန်ခိုးတော်နှင့် ခမ်းနာထည်ဝါစွာဖြင့် မေရှိယသခင်ကြွလာခြင်း (The Coming of the Messiah in Glory and Majesty) ဟူသည့် ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ်ကို ရေးသားခဲ့သည်။

လတ်ချူဇ၏စာအုပ်သည် ဂယက်ရိုက်ခြင်းတစ်ခု ဖြစ်စေခဲ့သည်၊ အထူးသဖြင့် ရောမကတ်သလစ်အသင်းတော်အတွင်း၌ ဖြစ်သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သူသည် သမ္မာကျမ်းစာတစ်ခုသာလျှင် သခင်ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်းကို နားလည်ရန် သိရှိရန် ကြိုးစားရာ၌ အရေးပါသည်ဟု ပြောခဲ့သောကြောင့် ဖြစ်သည်။ ထိုသို့ဆိုလိုသည်မှာ “အသင်းတော်ဖခင်များ” ၏ ထုံးထမ်းစဉ်လာများက မပါဝင်မလိုအပ်ဟု ဆိုလိုခြင်းဖြစ်သည်။



သိသာထင်ရှားသောပုံဆောင်ခြင်း သင်္ကေတကို အသုံးပြုခြင်းကလွဲ၍ သမ္မာကျမ်းစာသည် ၎င်းပြော ဆိုထားသောအရာများကို အတိအကျဆိုလိုခြင်းဖြစ်သည်ဟူ၍လည်း သူကပြောခဲ့သည်။ ဤအရာသည် သမ္မာကျမ်းစာကို ယဇ်ပုရောဟိတ်များသာ နားလည်နိုင်သည့်လျှို့ဝှက်ဆန်းကြယ်သော အဓိပ္ပာယ်များဖြစ်သည့် ပုံဆောင်ခြင်းများနှင့် ပြည့်နှက်နေသည်ဟု ကြာမြင့်စွာကတည်းက ပြောဆိုခဲ့ကြသော ကက်သလစ်ဓမ္မပညာရှင်များအတွက် စိုးရိမ်ပူပန်မှုတစ်ခု ဖြစ်ခဲ့လေသည်။

ကက်သလစ်များကို ကြီးမားဆုံးသောပြဿနာအနှောင့်အယှက်ဖြစ်စေသည်မှာ အန္တိခရစ်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီမဟုတ်ဘဲ၊ ကြီးမားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟူသော သူ၏ယုံကြည်ချက်ကြောင့် ဖြစ်နိုင်သည်။

လတ်ချူဇာသည် သူ၏များစွာသောကတ်သလစ်နောက်လိုက်များစွာတို့က သူ၏စာအုပ်ကို ကြိုက်နှစ်သက်မည်မဟုတ်ကြောင်းကို သိခဲ့သည်။ ထို့ကြောင့် သူရေးသားစဉ်က ပြုလုပ်ခဲ့သည့်နာမည်တစ်ခုကို အသုံးပြုခဲ့သည်။ သို့သော် မိမိကိုယ်ကို ရဗိန်ဘန်နီဇရာ (Rabbi Benezra) ဟုခေါ်ခြင်းသည် မည်သူ့အတွက်ကိုမျှ မမှားစေပါ။ ပုပ်ရဟန်းမင်းကြီးက သူ့စာအုပ်ကိုတရားဝင် အပြစ်တင်မရှုတ်ချခင်တွင် သူသေဆုံးခြင်းသည် သူ့အတွက်အကောင်းဆုံး ဖြစ်နိုင်သည်။

အပြစ်တင်ရှုတ်ချသည်ဖြစ်စေ၊ မရှုတ်ချသည်ဖြစ်စေ၊ သူ၏စာအုပ်သည် များစွာသောသမ္မာကျမ်းစာကျောင်းသားများ၏ ရိုသေလေးစားမှုကို ရရှိခဲ့သည်။ နောက်ဆုံး၌ သူ၏စာအုပ်ကို အမျိုးမျိုးသောဘာသာစကားများသို့ ဘာသာပြန်ဆိုခဲ့ပြီး၊ သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းကိုလေ့လာဖို့ အစပြုရန် များစွာသော တရားဟောဆရာများအပေါ် ဩဇာလွှမ်းခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ရှင်မဿဲခရစ်ဝင် ၂၄:၃၅၊ ရှင်ယောဟန်ခရစ်ဝင် ၆း၆၃၊ ရောမဩဝါဒစာ ၁၀:၁၇၊ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၂း၁၃။ လတ်ချူဇ (Lacunza) သည် ပရောဖက်ပြုချက်များနှင့် ပတ်သက်သော သူ၏ဉာဏ်ပညာဗဟုသုတတိုးပွားလာရန် အခွင့်အလမ်းရရှိခဲ့သော အဘယ်အရာကို ပြုလုပ်ခဲ့သနည်း။

## အင်္ဂါနေ့ | အိုင်ရ်ဗင်း နှင့် ဝေါ့လ်ဖ် ၃

မက်နယူဒီလတ်ချူဇ၏လုပ်ဆောင်ချက်သည် ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကား၌ ယေဘုယျအားဖြင့်စိတ်ဝင်စားမှု မြင့်တက်လာခြင်းနှင့်အတူ ထင်ပေါ်ကျော်ကြားသောအင်္ဂလိပ်သာသနာပြုတစ်ယောက်ဖြစ်သော အက်ဝုတ်အိုင်ရ်ဗင်း (Edward Irving) အား အကြီးအကျယ်ဩဇာလွှမ်းမိုးခဲ့သည်။ ၁၈၂၇ ခုနှစ်တွင် အိုင်ရ်ဗင်းသည် လတ်ချူဇ၏ အင်္ဂလိပ်ဘာသာပြန်စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ သူသည် နှစ်ပေါင်းအတော်ကြာကြာ၊ သမ္မာကျမ်းစာပရောဖက်ပြုချက်နှင့် သခင်ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်း အကြောင်းတို့ကို လူထုများစွာရှိသောအသင်းတော်များ၌ အကြိမ်ပေါင်းများစွာ တရားဟောခဲ့သည်။ ဤအရာသည် လာမည့်နှစ်အနည်းငယ်အတွင်း ပေါ်ပေါက်လာမည့် ဤခေါင်းစဉ်များနှင့်ပတ်သက်သည့်သတင်းစကားများကို ပိုမိုနားလည်ရန် အင်္ဂလန်ပြည်ကို များစွာပြင်ဆင်ထားဖို့ အတွက် ဖြစ်စေခဲ့သည်။

ဤအတောအတွင်းတွင်၊ ပြောင်းလဲလာသောဂျူးလူမျိုး ဂျိုးဇက်ဝေါ့လ်ဖ် (Joseph Wolff) သည် ထူးခြားသောသာသနာပြု လုပ်ငန်းကို စတင်ခဲ့သည်။ ၁၈၂၁ ခုနှစ်မှ ၁၈၄၅ အထိ၊ ဖေ့လ်ဖ်သည် ဂရိ၊ မတ်လ်တာ၊ ခရိုမီယာ၊ ပါလစတိုင်း၊ တူရကီ၊ အီဂျစ်၊ အာရှအလယ်ပိုင်း၊ အာဘစ်စင်နီးယား၊ ယီမင် နှင့် အိန္ဒိယ (Greece, Malta, Crimea, Palestine, Turkey, Egypt, Central Asia, Abyssinia, Yemen and India) တိုင်းပြည်သို့ ခရီးသွားလာခဲ့သည်။ သူသွားခဲ့သည့်နေရာတိုင်းတွင်၊ သူသည် သခင်ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်း ဧဝံဂေလိသတင်းများကို ဟောပြောခဲ့သည်။

သို့သော် တစ်ခါတစ်ရံတွင် သူနှင့်တွေ့ဆုံခဲ့သောသူများသည် သခင်ယေရှုမကြာမီပြန်ကြွလာမည်ကို မျှော်လင့်၍ရှိနေပြီးသားဖြစ်သည်ကို ဝေါ့လ်ဖ်သည် အံ့ဩသွားသည်။ မှန်ပါသည်၊ ၎င်းသည် ဉဇဘက်ကစ္စတန် (Uzbekistan) ၊ ဘိုဟားရာ (Bokhara) မြို့၌ရှိသော သီးခြားခရစ်ယာန်အုပ်စုတစ်စုနှင့် ယီမင် (Yemen) ရှိ အခြားအုပ်စုများဖြစ်ကြပြီး၊ သူတို့သည် ၁၈၄၀ ခုနှစ်တွင် သခင်ယေရှု ဒုတိယအကြိမ်ကြွလာမည်ဟု မျှော်လင့်သောသူများ ဖြစ်ခဲ့ကြသည်။

ဝေါ့လ်ဖ်သည် ၁၈၃၇ ခုနှစ်တွင် အမေရိကသို့ အလည်ပတ်သွားခဲ့ပြီး၊ နယူးယောက်၊ ဖိလေဒယ်ဖိယား၊ ဘယ်လ်တီမိုးနှင့် ဝါရှီတန်ဒီစီ (New York, Philadelphia, Baltimore and Washington) တို့၌ တရားဟောခဲ့သည်။ ဝါရှီတန်မြို့တွင်ရှိနေစဉ်တွင်၊ တိုင်းပြည်၏သမ္မတဟောင်းဖြစ်သူဂျွန်ကွင်စီအာဒံစ် (John Quincy Adams) သည် ကွန်ဂရက်အဖွဲ့ဝင်များအားလုံးအပြင် အခြားအရေးပါသော နိုင်ငံသားများစွာနှင့် စကားပြောဆိုဖို့ရန်အတွက် အစည်းအဝေးတစ်ခုအတွက် စီစဉ်ကူညီပေးခဲ့သည်။ ထိုကဲ့သို့သော အခွင့်အလမ်းပေးသောအခါ ဝေါ့လ်ဖ်သည် သူအမြဲပြုသကဲ့သို့၊ မကြာမီသခင်ယေရှုကြွလာတော်မူမည့်အကြောင်းကို ပြောပြခဲ့လေသည်။

ဂျိုးဇက်ဝေါ့လ်ဖ်သည် သူနာမည်ထင်ရှားကျော်ကြားသောအကြောင်းရင်းတစ်ခုမှာ သူ၏မစ်ရှင်များထဲမှ အရှေ့တိုင်းနိုင်ငံများသို့ ခရီးသွားနေစဉ်၊ သူသည် အန္တရာယ်များနှင့် သေဘေးများကို မကြာခဏရင်ဆိုင်ရသောကြောင့် ဖြစ်သည်။ အခြားသောအရာများကြားတွင် သူခံစားခဲ့ရသည့်အရာများမှာ သူသည် လုယက်ခံရခြင်း၊ အစာငတ်ပြတ်ခြင်း၊ ရိုက်နှက်ခံရခြင်း၊ သဲကန္တာရ၌စွန့်ပစ်ခံရခြင်း၊ ဆီးနှင့်ဖုံးလွှမ်းနေသောတောင်များ၌ အဝတ်မရှိဘဲတစ်ယောက်တည်းချန်ရစ်ခံခဲ့ရပြီး၊ သုံးကြိမ်တိုင်တိုင် သီးခြားသောအခြေအနေများ၌ သေဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

**လက်တွေ့ကျင့်သုံးရန်။** ဆာလံကျမ်း ၉၁း၉-၁၆၊ ရောမဩဝါဒစာ ၈း၃၁-၃၉၊ ဟေဗြဲဩဝါဒစာ ၁၃း၅၊ ၆ ကို ဖတ်ပါ။ ဤကတိတော်များကို ယုံကြည်ဖို့ သို့မဟုတ် မယုံကြည်ဖို့ ဘယ်တစ်ခုက ပို၍ အန္တရာယ်ရှိမည်ဟု သင်ထင်သနည်း။

## ဗုဒ္ဓဟူးနေ့ | ရာနှင့်ချီသော တရားဟောဆရာများ ၄

လတ်ချူဇ၊ အိုင်ရ်ဗင်းနှင့် ဝေါ့လ်ဖ် တို့အပြင်၊ အခြားရာနှင့်ချီသော သာသနာပြုများနှင့် အသင်းတော်ဝင်များတို့သည် ဒံယေလ၏ ပရောဖက်ပြုချက်များ မကြာမီပြည့်စုံလာလိမ့်မည်ဟု မိမိတို့၏ယုံကြည်ချက်ကို ဖြန့်ဝေခဲ့ကြသည်။ ဤခရစ်ယာန်အများစုသည် လူသိများခြင်းဘယ်တော့မှမရှိခဲ့သော်လည်း၊ ထိုသို့အစား သူတို့သည် ထိုအချိန်က ဘုရားသခင် လုပ်ဆောင်စေလိုသောအလုပ်တစ်ခုကို လုပ်ဆောင်နေခဲ့ကြသည်။

အချို့နေရာများတွင်၊ သခင်ယေရှုကိုချစ်သော ကလေးများသည် တရားဟောခဲ့ကြလေသည်။ သူတို့ထဲတွင် အချို့တို့သည် ၆ နှစ်တောင် မပြည့်သူများပါဝင်သည်၊ သူတို့လည်းပဲ တရားဟောခဲ့ကြသည်။ သူတို့သည် တရားစီရင်ခြင်းအကြောင်းနှင့်ပတ်သတ်သော လေးနက်၍တန်ခိုးပါသော သတိပေးချက်များကိုပေးရန် ဘုရားသခင်၏ဝိညာဉ်တော်ဩဇာလွှမ်းမိုးမှုကို ရရှိခဲ့ကြသည်။

အနည်းငယ်သာလူသိများသည့် အမှုတော်ဆောင်များကြားမှ တစ်ဦးသည် ဒုတိယအကြိမ်ကြွလာခြင်း၏ အထင်ရှားဆုံး၊ လူသိအများဆုံးဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ ၎င်းအကြောင်းကို လွန်ခဲ့သည့်နှစ်များအတွင်း မည်သူမျှမှန်းဆမရခဲ့သော်လည်း၊ ဝီလီယံမီလာ (William Miller) အမည်ရှိ အလုပ်ကြိုးစားသောလယ်သမားတစ်ဦးသည် သခင်ယေရှုပြန်ကြွလာခြင်းကို လူတို့၏အာရုံစူးစိုက်မှုကိုရရှိရန် အများဆုံး လုပ်ဆောင်ခဲ့သည်။

ငယ်ရွယ်သောဝီလီယံသည် ဘာသာတရားကိုင်းရှိုင်းသောနှစ်ခြင်းမိသားစုအသိုင်းအဝိုင်းတွင် ကြီးပြင်းခဲ့သော်လည်း၊ သူဖတ်ရန်ရွေးချယ်သောစာအုပ်များ၏ အကျိုးဆက်ကြောင့် သခင်ယေရှုထံမှ သွေဖယ်သွားခဲ့သည်။ ဆယ်ကျော်သက်အရွယ်တွင်၊ သူသည် သီးသောအယူဝါဒအတွေးအခေါ်ပညာရှင်များ၏ “ပညာရှိ” အတွေးအခေါ်ကို စွဲမက်သူ ဖြစ်လာခဲ့သည်။ သူတို့သွန်သင်သောအရာများကို ဖတ်ပြီးသောနောက်၊ ဝီလီယံသည် သမ္မာကျမ်းစာကို ဆက်လက်မယုံကြည်ခဲ့တော့ချေ။ ဟောင်းနွမ်းသောစာအုပ်ကို အလေ့အနက်ထား စွဲမှတ်ခြင်းတည်းဟူသော သူ၏အတွေးအခေါ်၊ ထင်မြင်ချက်များသည် အဘယ်သို့ မိုက်မဲခဲ့သနည်း။

သီးသောအယူဝါဒရှိသူများ (ခေါ်) ဖန်ဆင်းရှင်ကိုစွန့်ပစ်သောသူများက ဤကမ္ဘာလောကကို အချို့ဘုရားများ သို့မဟုတ် နတ်ဘုရားတို့သည် ရှေးမဆွကဖန်ဆင်းခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။ သို့သော် သူတို့သည် ထိုဘုရားများ၊ နတ်ဘုရားများက အဝေးသို့ စွန့်ခွာပြီး၊ ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းကို သူ့ဘာသာသူဖြစ်ပျက်ရန် ချန်ထားခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။ ထိုသို့ဆိုလိုခြင်းမှာ သူတို့သည် အံ့ဖွယ်နိမိတ်လက္ခဏာများကို မယုံကြည်ခြင်းဖြစ်သည်။ ထိုသို့ဆိုသော် သူတို့သည် ကောင်းကင်တမန်များ၊ ပရောဖက်များ၊ သခင်ယေရှုနှင့် သမ္မာကျမ်းစာကို မယုံကြည်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် အရာအားလုံးကို အမှန်တကယ်မယုံကြည်ခြင်းဖြစ်သည်။ များစွာသော နည်းလမ်းများဖြင့်ဆိုရသော်၊ သူတို့သည် ဘုရားရှိမှုကို သံသယရှိသူများ (ဘုရားသခင် တည်ရှိခြင်းကို သံသယရှိခြင်း) နှင့် ယနေ့အချိန်တွင်ရှိသည့် ဘုရားမဲ့ဝါဒီများ (ဘုရားသခင်တည်ရှိခြင်းမရှိကြောင်း သေချာသောသူများ) ကဲ့သို့ပင် ဖြစ်သည်။

မီလာသည် အသက် ၃၀ နှစ်ခန့်ရှိသောအခါတွင်၊ ၁၈၁၂ ခုနှစ်စစ်ပွဲ၌ သူကိုယ်တိုင်ဖမ်းဆီးခံခဲ့ရသည်။ တစ်ဖန်၊ အမေရိကန်တို့သည် ဗြိတိန်သျှကို တိုက်ခိုက်နေခဲ့ကြသည်။ ခေါင်းဆောင်မီလာသည် အဆုံးအဖြတ်ပေးသော ပလက်စ်ဘာ့ဂ် (Plattsburgh) စစ်ပွဲ၌ ရှိခဲ့သည်။ အမေရိကန်များသည် သုံးယောက်မှတစ်ယောက်ဖြစ်လာသည့်အတွက်ကြောင့် အနိုင်ရရန်မှာ အံ့ဩဖွယ်နိမိတ်လက္ခဏာ တစ်ခုအားဖြင့် အနိုင်ရတော့မည် ဖြစ်သည်။

လူတိုင်းအားအံ့အားသင့်စရာမှာ အမေရိကန်တို့သည် အနိုင်ရခဲ့သည်။ မီလာသည် ထိုနေ့၌အံ့ဩဖွယ်နိမိတ်လက္ခာများသာ ဖြစ်သည့်အရာများကို မြင်တွေ့ခဲ့ရသည်။ သို့သော် ဘုရားမဲ့ဝါဒီ၊ သီးသောအယူဝါဒီတို့သည် အံ့ဩဖွယ်နိမိတ်လက္ခဏာများကို မယုံကြည်ခဲ့ကြပေ။ ယခုတွင် သူသည် မည်သည့်အရာကို လုပ်နိုင်မည်နည်း။

**လက်တွေ့ကျင့်သုံးရန်။** ။ ဆာလံကျမ်း ၁၀၁း၃၊ ၁၁၉း၃၇ ကို ဖတ်ပါ။ သင်၏စိတ်နှလုံးသားကို ဘုရားသခင်ထံမှဝေးကွာသွားစေနိုင်သည့် တန်ဖိုးမဲ့သောအရာများကိုမဖတ်ရှုဖို့ရန်၊ မကြားနာဖို့ရန်၊ မကြည့်ရှုဖို့ရန် သင်သတိထားပါသလား။ ၎င်းသည် အသက်ပေါင်းများစွာကို ဖျက်ဆီးရန် စာတန်၏အအောင်မြင်ဆုံးသောနည်းလမ်းများမှ တစ်ခု ဖြစ်သည်။ သင်၏မျက်မှောက်၌ “မကောင်းသောအမှုတစုံတခုကိုမျှ” သတိမပြုမိရန်ဒါဝိဒ်မင်းကြီးကဲ့သို့ ကတိအာမခံချက် ပြုလိုက်ပါ။

## ကြာသပတေးနေ့ | မီလာသည် သမ္မာကျမ်းစာကို လေ့လာခြင်း ၅

အမေရိကန်တို့သည် ထိုတိုက်ပွဲတွင် ရှုံးနိမ့်သင့်သည်ကို ဝီလီယံမီလာ သိခဲ့သည်။ ထို့အပြင်သာမက၊ သူသည်လည်း သေခဲ့သင့်သည်။ ထိုတိုက်ပွဲတွင် ဗြိတိန်သျှစစ်သားတို့နှင့် သဘော်တို့သည် အလွန်များပြားခဲ့သည်။ သူနှင်းရာ ခြေထောက်နှစ်ချောင်းအောင်တွင် ရန်သူ့ဗုံးအခွံတစ်ခုပေါက်ကွဲခဲ့ပေမယ့် သူသည် အသက်ရှင်နေဆဲဖြစ်ခဲ့သည်။



၎င်းသည် အံ့ဩဖွယ်နိမိတ်လက္ခဏာတစ်ခု ဖြစ်ခဲ့ရပေမည်။ သို့သော် သူသည် နိမိတ်လက္ခာများကို ယုံကြည်သူ မဟုတ်ခဲ့ချေ။ ထိုသို့မဟုတ်ဘဲ သူသည် ယုံကြည်ခဲ့သလား။ ဤကဲ့သို့မေးခွန်းများသည် မီလာအား ဘုရားရှိသော်လည်း နှုတ်ကပတ်တော် မိန့်ဆိုချက် မရှိ၊ ဗျာဒိတ်၊ တရားစသည့်တို့ မရှိဟူသောအယူဝါဒ (ခေါ်) သီးသောအယူဝါဒ (Deist) ၌ သူ၏ယုံကြည်ချက်ကို ပြန်ဆန်းစစ်ဖို့ရန် ဖိအားဖြစ်စေခဲ့သည်။ ၎င်းသည် သူ ထင်သည့်အတိုင်း အဓိပ္ပာယ်မရှိသောကြောင့် မကြာမီမှာပင် သူသည် ၎င်းအယူဝါဒကို ငြင်းပယ်ခဲ့သည်။